# ဒေါ်စု ပေးမယ့် လက်ချာ ဆိုတာ

သတင်းရင်းမြစ် > နန္ဒတင့်ဆွေ
အင်္ဂါနေ့၊ နိုဝင်ဘာလ ၁၃ ရက် ၂၀၁၂ ခုနှစ် ၁၆ နာရီ ၁၉ မိနစ်

နိုဝင်ဘာလ ၁၄ ရက်နေ့ဟာ အိန္ဒိယ လွတ်လပ်ရေးတိုက်ပွဲ ခေါင်းဆောင်ကြီး တဦးဖြစ်တဲ့ ပဏ္ဍစ် ဂျဝါဟာလာ နေရူးရဲ့ မွေးနေ့ ဖြစ်ပါတယ်။

"ကျမတို့ မိဘများဟာ ပဏ္ဍစ် ဂျဝါဟာလာ နေရူးကို အထူးပဲ လေးစားအားကျခဲ့ပါတယ်။ တခြား အိန္ဒိယခေါင်းဆောင်တွေကိုလည်း လေးစားသော်လည်းပဲ ကျမ ငယ်ငယ်က ပဏ္ဍစ်ကြီးလို့ ခေါ်လေ့ရှိတဲ့ သူ့ကိုတော့ အထူးလေးစားခဲ့ရပါတယ်" လို့ ဒေါ်အောင်ဆန်းစုကြည် က ပြောဖူးပါတယ်။

နေရူးဟာ လွတ်လပ်သော အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးသော ဝန်ကြီးချုပ်ပါ။ လက်တွေ့ နိုင်ငံရေးထဲမှာ ကွယ်လွန်သည့် အထိ ဆောင်ရွက်ခဲ့ရသလို စာရေးကောင်းတဲ့ အတွေးသမား တဦးလည်း ဖြစ်ပါတယ်။



မြန်မာပြည် စာဖတ်ပရိသတ်နဲ့ အရင်းနီးဆုံး သူ့စာအုပ်ကတော့ ဆရာပါရဂူ ဘာသာပြန်ပေးခဲ့တဲ့ 'ချစ်သမီးသို့ ပေးစာ များ'။ နောက်ပြီးတော့လည်း 'ကမ္ဘာ့အကြောင်း တစေ့တစောင်း' စာအုပ်ထူကြီးကို ချုံ့ပြီး ဘာသာပြန်ထားတာလည်း ရှိပါတယ်။ ဒ့ါအပြင် ချင်းတွင်း မဂ္ဂဇင်းမှာ ဆရာဘိုးလှိုင် အခန်းဆက် ဘာသာပြန်ပေးတဲ့ 'အိန္ဒိယကို ရှာဖွေတွေ့ရှိ
ခြင်း' ဆိုတာကလည်း နေရူးရဲ့ သမိုင်းနဲ့ ဒဿန စာပေတွေပါပဲ။

သူနဲ့ခေတ်ပြိုင်တွေရော၊ နောင်းလူတွေထဲမှာရော သူ့နိုင်ငံရေးရပ်တည်ချက်နဲ့ စာပေကို ဝေဖန်သူတွေ မနည်းလှပေ မယ့် သူ့ကိုတော့ လေးစားကြသူချည်းပါပဲ။

သူကွယ်လွန်တဲ့ ၁၉၆၄ ခုနှစ်မှာပဲ သူ့ကိုချစ်ကြည်သူများက သူ့အထိမ်းအမှတ်တွေ ပြုကြပါတယ်။ ဒါတွေကတော့ သူတန်ဖိုးထားခဲ့တဲ့ လေ့လာရေး၊ သုတရှာဖွေမှု၊ ပညာတို့နဲ့ ဆက်စပ်နေတဲ့အရာတွေပါ။
'ဂျဝါဟာလာနေရူး ပြတိုက်
နှင့် စာကြည့်တိုက်' ရယ် 'ဂျဝါဟာလာ နေရူး အထိမ်းအမှတ် ရန်ပုံငွေ' အဖွဲ့တို့ကို
တည်ထောင်ဖွဲ့စည်းကြပါတယ်။

သူနေထိုင်ခဲ့တဲ့ အိမ်တော်ကြီးကို ပြတိုက်ကြီးအဖြစ် ခန်းခန်းနားနား ပြန်ဆောက်ပါတယ်။ အဲလိုပဲ သူ့အထိမ်းအမှတ် စာကြည့်တိုက်ကြီးဆိုရင်လည်း စာအုပ်ပေါင်း သုံးသိန်းကျော်ထိ စုဆောင်းထားရှိပြီး ဒီဂျစ်တယ် လိုက်ဘရီလည်း သပ်သပ်လုပ်ထားနိုင်ပါပြီ။ အဲဒီမှာ လူမှုသိပ္ပံ ဘာသာရပ်ကို လေ့လာဖို့အတွက် အကောင်းဆုံးပါပဲ။ နေရူး စာပေါင်းချုပ်တွေလည်း တခုတ်တရ စုစည်းထား ထုတ်ဝေပါတယ်။

သူ့အထိမ်းအမှတ်တွေထဲက နောက်ထပ် ပညာတိုးပွားရေးလုပ်ရပ်ကတော့ နေရူးအထိမ်းအမှတ်
ရန်ပုံငွေအဖွဲ့ကြီးရဲ့
ဆောင်ရွက်ချက်တွေပါ။

ဘွဲ့လွန်ပညာ သင်ယူလိုသူတွေအတွက် ပညာသင်ဆုတွေ ပေးသလို နှစ်စဉ် နေရူး မွေးနေ့တိုင်းမှာ လုပ်တဲ့ 'ဂျဝါဟာလာနေရူး အထိမ်းအမှတ် လက်ချာ' လို့ခေါ်တဲ့ ဟောပြော ပို့ချပွဲကြီးတွေပဲ ဖြစ်ပါတယ်။

ဒီဟောပြောပွဲတွေကိုတော့ ၁၉၆၇ ခုနှစ်ကမှ စနိုင်ခဲ့တာဆိုတော့ ခုဆို ၄၅ နှစ် တိုင်ပြီပေါ့။ နှစ်စဉ် တယောက် တယောက် ဟောပြောလေ့ရှိလို့ ဟောသူလည်း ၄၅ ဦး ရှိပါပြီ။ (ခြွင်းချက် ၁၉၈၄ ပွဲကတော့ အန္ဒိရာဂန္ဒီ လုပ်ကြံခံရလို့ ပယ်ဖျက်ခဲ့ရပါတယ်။)

ဒီ ၄၅ ဦးမြောက်ကတော့ ကျနော်တို့တိုင်းပြည်က ဒေါ်အောင်ဆန်းစုကြည် ပါပဲ။

သတင်းရင်းမြစ် > နန္ဒတင့်ဆွေ
အင်္ဂါနေ့၊ နိုဝင်ဘာလ ၁၃ ရက် ၂၀၁၂ ခုနှစ် ၁၆ နာရီ ၁၉ မိနစ်



[illegible]